## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ (၁၀-၇-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်က** တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုနှင့် အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် လွတ်လပ်သော တိုင်ကြားစာယန္တရားအား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့် ညွှန်းကိန်းများ သတ်မှတ်ထားခြင်း ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က** Independent Complaint Mechanism အား ဆောင်ရွက်ထားရှိပြီး တရားရုံးတိုင်းတွင် အထူးတိုင်ကြားစာပုံးများထားရှိနိုင်ရေး တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အဂတိကင်းစင်မှုနှင့် အရည်အသွေး တိုင်းတာသည့် ညွှန်ကိန်းများ သတ်မှတ်ထားနိုင်ရေး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အကြံဉာဏ်များရယူ၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးဌေးလွင်(ခ)ဦးဒီလုံး၊ နမ့်စန် မဲဆန္ဒနယ်က** နမ့်စန်မြို့နယ်ရှိ မိုင်းစိတ်-နောင်စန့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်နှင့် မိုင်းစိတ်-နောင်စန့်-ဟွေဆိုင်း-ညောင်ပင်သာ-ဈေးကုန်း(နောင်ဘို) ကျေးရွာလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် သိရှိလိုခြင်း မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** မြေသားလမ်းတစ်မိုင်အား ကျောက်ခင်းခြင်းနှင့် ကျောက်ခင်းလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း များကို လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးမိုးမြင့်၊ သန်လျင် မဲဆန္ဒနယ်က** စားသုံးသူရေးရာကာကွယ်ရေး ဥပဒေတွင် လုပ်ငန်းရှင်များမှ ရောင်းချသည့်ဈေးနှုန်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများအား ကာကွယ်ပေးနိုင်သည့်အချက်အား စားသုံးသူ အခွင့် အရေးတွင် ဖြည့်စွက်ပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက** စားသုံးသူကာကွယ်ရေး ဥပဒေတွင် စားသုံးသူအခွင့်အရေးကို ပြီးပြည့်စုံစွာ ကာကွယ်ပေးနိုင်ရေး ထည့်သွင်းပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသဖြင့် ထပ်မံဖြည့်စွက် ပြဋ္ဌာန်းပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဒေါ်ဇာခြည်လွင်၊ မိုးညိုမဲဆန္ဒနယ်က** မိုးညိုနှင့် ကြို့ပင်ကောက်မြို့နယ် ချင်းဆက်လမ်းအား ဂဝံခင်းခြင်းနှင့် လမ်းပခုံးချဲ့ခြင်းကို မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ဂဝံလမ်း တစ်မိုင်ခင်းခြင်း လုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးရဲထွဋ်အောင်၊ မင်းလှမဲဆန္ဒနယ်က** မင်းလှနှင့် အုတ်ဖိုမြို့နယ် ဆက်သွယ်သည့်လမ်းပေါ်ရှိ အိုးသည်ကုန်းမြို့၊ ဗိုလ်တန်းလမ်းမှ အုန်းနဲချောင်းကျေးရွာအကျော် ကွန်ကရစ်လမ်းအထိအား ကွန်ကရစ်လမ်းအဖြစ် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် သွားလာမှု အဆင်ပြေစေရန် မြေနီခင်းခြင်းနှင့် လမ်းပုခုံးများပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကျန်လမ်းပိုင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးခင်မောင်မြင့်၊ တိုက်ကြီးမဲဆန္ဒနယ်က** တိုက်ကြီးမြို့နယ်အတွင်းရှိ ဖလုံ-မြိုင်ဟေဝန်လမ်းမကြီးမှ ဂေါ်ရင်ဂျီကုန်းကျေးရွာသို့ ဆက်သွယ်သော လမ်းအား ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ၂၀၂၇ -၂၀၂၈ ဘဏ္ဍာနှစ်တွင် တစ်မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဦးစိုးဝင်း၊ မြို့သစ်မဲဆန္ဒနယ်က** မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် အတွင်းရှိ မြို့လုလင်- ဆူးတပ်ကြီး- မိုးကောင်း ကျေးရွာချင်းဆက်လမ်း (၄)မိုင်ခန့်အား ကျောက်ချောလမ်း၊ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ် လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါကလာမည့် ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** သွားလာမှုချောမွေ့စေရေး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည် ဖြစ်ပြီး ကျန်ရှိလမ်းပိုင်းအား ပြင်ဆင်ထိန်းသိမ်းနိုင်ရေး ရရှိရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၈။ | **ဦးခင်မောင်ဌေး၊ ပျဉ်းမနား မဲဆန္ဒနယ်က** ပျဉ်းမနားမြို့နယ်၊ သာယာစု ကျေးရွာအား ရေဘေးလွတ်နိုင်မည့် သင့်တော်သော မြေနေရာသို့ ရွှေ့ပြောင်းရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ကျေးရွာမြေအဖြစ် ပြောင်းရွှေ့အသုံးပြုခွင့်ရရှိရေး တည်ဆဲမြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်းနှင့် နေပြည်တော် ကောင်စီ၊ ပျဉ်းမနား ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် နိုင်ငံတော်သမ္မတထံသို့ လမ်းညွှန်မှုခံယူတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉။ | **ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်း မဲဆန္ဒနယ်က** ဝမ်းတွင်းမြို့နယ်ရှိ ဝါလုပ်ငန်း မြေနေရာ (၂၀) ဧကကျော်အား သက်ဆိုင်ရာဌာနမှ စွန့်လွှတ်၍ ယာဉ် ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** မြို့နယ်ဦးစီးမှူးရုံး ပြောင်းရွှေ့ဖွင့်လှစ်ရန်၊ မိုးချည်မျှင်ရှည်ဝါ၊ မိုးနှမ်း၊ မိုးနေကြာနှင့် ပိုက်ဆံ လျှော်သစ်စိမ်းမြေဩဇာစံပြကွက်များ စိုက်ပျိုးရန်နှင့် ချည်မျှင်ရှည်ဝါကို တစ်ချိန်တည်း ရိတ်သိမ်းနိုင်သည့် နည်းပညာသုံးစိုက်ခင်းပြုလုပ်ရန် အစီအစဉ် ရှိပါသဖြင့် စွန့်လွှတ်ရန်မရှိပါကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဦးအောင်လင်းလှိုင်၊ ဘုတ်ပြင်း မဲဆန္ဒနယ်က** ပင်လယ်ကမ်းဝေး ငါးဖမ်း စက်လှေများသည် ကမ်းနီးတွင် လာရောက်ဖမ်းဆီးနေခြင်းများအတွက် ဥပဒေအရ မည်ကဲ့သို့ တားဆီးဆောင်ရွက်မည်ကို အသေးစိတ် ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ရေယာဉ်များ စောင့်ကြည့် ထိန်းချုပ်ထောက်လှမ်းနိုင်ရေးအတွက် ကမ်းဝေး ငါးဖမ်း၊ ငါးသယ်ရေယာဉ် ၃၅၁၇ စီးအား VMS ကိရိယာများတပ်ဆင်၍ စောင့်ကြပ် ကြည့်ရှုစစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၁။ | **ဦးစန်းမြင့်၊ မြစ်သား မဲဆန္ဒနယ်က** ကူမဲမြို့-ရန်ကုန်-မန္တလေးလမ်းမှ ကင်းတားဆည်သို့ ဆက်သွယ်ထားသည့်လမ်းအား ကတ္တရာထပ်ပိုးခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ပြုပြင်ရန်လိုအပ်သည့် လမ်းပိုင်း ၆ မိုင် ၇ ဖာလုံအား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စုသို့မဟုတ် တိုင်းဒေသကြီးရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရ အပိုင်းလိုက် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၂။ | **ဒေါက်တာအောင်ကြီး၊ ကျိုက်လတ် မဲဆန္ဒနယ်က** မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအရ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအမံ (၉) ချက်နှင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအစီအမံ (၆) ချက် ချမှတ်ထားရှိပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။ |